

မချမ်းဘော့မြို့နယ် ၊ ကောင်းမှုလုံအုပ်စု ၊ နှမဲဘူယာန်ကျေးရွာ ၏ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်

၂၀၁၈ ခုနှစ် စက်တင်ဘာလ ( ) ရက်

အစားအသောက်	Jan	Feb	Mar	April	May	June	July	August	Sep	Oct	Nov	Dec
ရာသီဥတု												
အားပြဿဝေါဒီဒဏ်												
သောက်ရေဖြစ်မှု												
ဝန်ဖြေမဖြစ်မှု												
ငတ်ခြင်း						တညတာကြား	တညတာကြား	ရက်ပေါင်း	(ကိုးရက်ခန့်ကြာမြင့်ခဲ့သည်)	(ဆယ်ရက်ခန့်ကြာမြင့်ခဲ့သည်)	-	-
အိပ်ပျော်မှုအား												
သဘာဝတော်း												
ဝမ်းတောက်မှု												

နိဒါန်း

နမ်ဘူယာန် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်စာအုပ်သည် မချမ်းဘော့မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် ကျေးရွာအချက်အလက်များအပေါ်အခြေခံ၍ ကျေးရွာသူ/သားများအားလုံးပါဝင်၍ ဆွေးနွေးဆုံးဖြတ်ချက်များကို စနစ်တကျ တည်ဆောက်ထားသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစီမံချက်စာအုပ်ဖြစ်ပါသည်။ ကျေးရွာ၏ ဖွံ့ဖြိုးရေးလိုအပ်ချက်များအား လူပုဂ္ဂိုလ်အချို့ကသာဆုံးဖြတ်ရေးဆွဲခြင်းမဟုတ်ဘဲ ကျေးရွာသူ/သား များအားလုံးပါဝင်ဆွေးနွေးရေးဆွဲထားခြင်းကြောင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ပိုမိုထိရောက်လွယ်ကူစေမည်ဖြစ်ပြီး ၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ကျေးရွာသူ/သားများပါဝင်မှုအားကောင်းလာစေရန်နှင့် ကျေးရွာဒေတာအချက်အလက်များကိုအခြေခံ၍ ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင်ပိုမိုထိရောက်အောင်မြင်နိုင်မည်ဖြစ်သည်။

တည်နေရာ

နမ်ဘူယာန်ကျေးရွာသည် ၊ မချမ်းဘော့မြို့နယ်အတွင်းတွင်တည်ရှိပါသည်။ မချမ်းဘော့မြို့၏မြောက်ဘက် (၁၂) မိုင်ခန့်တွင်တည်ရှိပြီး ကောင်းမှုလုံ – မန်နို – ပန်ဆပ်လမ်းမပေါ်၊ မလိခမြစ်ကမ်းရိုးပေါ်တွင်တည်ရှိပါသည်။ ကျေးရွာ၏ တောင်ဘက်တွင် ငွေးဇာခါးကျေးရွာ နှင့် မြောက်ဘက်တွင်ဇော်ကန်ကျေးရွာတို့တည်ရှိပြီး နောက်ဘက်တွင် မလိခမြစ် နှင့် ရှေ့ဘက်တွင် ခါကာဘိုအမျိုးသားသစ်တောဥယျဉ်တို့တည်ရှိပါသည်။

လူဦးရေ

နမ်ဘူယန်ကျေးရွာတွင် အိမ်ထောင်စု (၇၅) ရှိပြီးလူဦးရေစုစုပေါင်းမှာ(၄၃၀)ဦးရှိသဖြင့် ပျမ်မျ (၁) အိမ်ထောင်စုတွင် မိသားစုဝင်(၅)ဦးခန့်ရှိ သဖြင့်မြန်မာနိုင်ငံ၏ ပျမ်းမျှအိမ်ထောင်စုဦးရေ အရေအတွက်နှင့်ကိုက်ညီမှုရှိသည်ကိုတွေ့ရှိရပါသည်။ ကောက်ယူရရှိသည့်အိမ်ထောင်စုစာရင်းအရ (မ)ဦးရေးမှာ(ကျား)ဦးရေထက်(၂) ရာခိုင်နှုန်းလျော့နည်း ကြောင်းတွေ့ရှိရပါသည်။

ကျေးရွာ၏မြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်များ

နမ်ဘူယာန်ကျေးရွာ၏လယ်မြေ စိုက်ပျိုးမှုအခြေအနေမှာပျမ်းမျှတစ်အိမ်ထောင် စုတွင်(၂) ဧကခွဲခန့်သာရှိသဖြင့် ကျေးရွာတွင်လယ်ယာစိုက်ပျိုးရေးအားတစ်နိုင်တစ်ပိုင်သာဆောင်ရွက် ကြောင်းတွေ့ရှိရပြီး သီးနှံစိုက်ခင်းများကိုးလည်း မိမိ အိမ်ခြံတွင်း တစ်နိုင်တစ်ပိုင်ဟင်းစားရရုံမျှသာစိုက်ပျိုးကြောင်းတွေ့ရှိရပါသည်။

ခါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

နမ်ဘူယန်ကျေးရွာတွင်ရွှေအနည်းငယ်ထွက်ရှိကြောင်းသိရှိရပါသည်။ အခြားသဘာဝအရင်းအမြစ်များအနေဖြင့်နမ်ဘူယာန်ကျေးရွာတွင်ခါကာဘိုရာအမျိုးသားဥယျဉ်နှင့်နီးသဖြင့် တိရိစ္ဆာန်မျိုးစိပ်များ၊ လူ/တိရစ္ဆာန်တို့အတွက်အသုံးဝင်သောအပင်မျိုးစိတ်များလည်းတွေ့ရှိကြောင်းလေ့လာတွေ့ရှိရပါသည်။ ဒေသခံရွာသူ/သားများမှဆေးဘက်ဝင်အပင်မျိုးစိတ်များအား မသိရှိခြင်းတို့ကြောင့်အကျိုးပြု၊အသုံးပြုနိုင်မှုတွင်ခက်ခဲကြောင်းရပ်မိ/ရပ်ဖများနှင့်ဦးတည်အုပ်စုဆွေးနွေးခြင်းဖြင့်သိရှိရသည်။

ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ကျေးရွာအုပ်ချုပ်ရေးအဖွဲ့မှာကျေးရွာနှင့်ဆိုင်သောလုပ်ငန်းများတွင် အဓိကပါဝင်ဆောင်ရွက်ပေးရ ဆောင်ရွက်ပေးရသောအဖွဲ့ဖြစ်ပါသည်။ ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းအားလုံးမှကော်မတီဖွဲ့ဝင်များအားကျေးရွာသူ/သားများကရွေးချယ်တင်မြှောက်ရပြီး အခကြေးငွေရယူခြင်းမရှိဘဲ ကိုယ်ကျိုး စွန့် ပါဝင်ဆောင်ရွက်ကြရပါသည်။

ဥစ္စာဓနအဆင့် အခြေအနေ

နမ်ဘူယာန်ကျေးရွာတွင် ဥစ္စာဓနအဆင့်အခြေ အခြေအနေအရ ကျေးရွာအိမ်ထောင်စု၏ (၇၅) ရာခိုင်နှုန်းမှာအလယ်အလတ်ရှိသောအိမ်ထောင်းစုများဖြစ်ကြ ကျန်အိမ်ထောင်စုများမှာ အဆင် ပြေ ကျန်အိမ်ထောင်စုများမှာအဆင်ပြေ သောအိမ်ထောင်စု (၅) ရာခိုင်နှုန်းနှင့်အဆင်မပြေသော ရာခိုင်နှုန်းနှင့်အဆင် မပြေသော အိမ်ထောင်စု(၁၅) ရာခိုင်နှုန်းခန့်နှင့် အလွန်မပြေလည် သောအိမ်ထောင်စုအဖြင့် (၅) ရာခိုင်နှုန်းခန့်တွေ့ရှိရပါသည်။

ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုမြေယာမြေပိုင်ဆိုင်သည့်အိမ်ထောင်စု

နမ်ဘူယန်ကျေးရွာတွင် ကျေးရွာ၏စိုက်ပျိုးမြေပိုင် ဆိုင်မှုအခြေပြဇယားအရကျေးရွာအိမ် ထောင်စု ၄% ခန့်သည်စိုက်ပျိုးမြေပိုင်ဆိုင်မှုမရှိကြောင်းတွေ့ရှိရပါသည်။ ကျန်အိမ်ထောင်စုများတွင် ၂ဧက အောက်ဆင်းရဲသားတောင်သူများအဖြင့်၃၀% ၊၂ ဧကမှ ၅ ဧကအထိစိုက်ပျိုးလုပ်ကိုင်ကြသည့်တောင်သူငယ်များလုပ်ကိုင်ကြသည့်တောင်သူငယ်များဖြ၀% နှင့် ၅ဧကမှ၁၂ဧကထိလုပ်ကိုင်ကြသောအလယ်လတ်တောင်သူများအဖြင့်(၆)ရာခိုင်နှုန်းရှိကြောင်းတွေ့ရှိရပါသည်။ ဒေသဆန်စပါးဈေးကွက်မရှိသ ဖြင့် သားစုဝမ်းစာဖူလုံမှုကိုသာ အဓိကထားစိုက်ပျိုးကြောင်းသိရှိရပါသည်။

မိကသီးနှံများနှင့် အထွက်နှုန်း

နမ်ဘူယာန်ကျေးရွာတွင်အဓိကစိုက်ပျိုးသီးနှံအဖြစ် ဆန်စပါးစိုက်ပျိုးခြင်းလုပ်ငန်းဆောင်ရွက်ကြသည်။ပျမ်းမျှလယ်(၁)ဧကတွင်စပါးထွက်နှုန်းတင်း(၄၀)ခန့်ရှိပါသည်။ ခေတ်မှီနည်းစနစ်မရှိခြင်းနှစ်ဓါတ်မြေဩဇာများအသုံးမပြုခြင်းမိရိုးဖလာစိုက်ပျိုးနည်းဖြင့်ပျိုးကြသဖြင့်(၁)ဧကထွက်နှုန်းစပါးတင်း(၄၀)မှာဒေသ အတိုင်းအတာအရ စပါးထွက်နှုန်းသင့်သည့်အခြေအနေ တွင်ရှိကြောင်း တွေ့ရှိရပါသည်

မွေးမြူရေးနှင့် ငါးလုပ်ငန်းဆောင်ရွက်မှု အခြေအနေ

နမ်ဘူယာန်ကျေးရွာတွင် မွေးမြူရေးလုပ်ငန်း အား စီပွားဖြစ်မွေးမြူခြင်းမဟုတ်ဘဲ မိသားစုအတွင်းတစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်းအဖြင့်သာ မွေးမြူလျက်ရှိကြောင်းတွေ့ရှိရပါသည်။ ကြက် ၊ဝက် ၊ နွား ၊ကျွဲ စသည့်တိရစ္ဆာန်များအားအဓိကမွေးမြူကြပြီး ကျွဲ ၊နွားများအားလယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင်ခိုင်းစေရန်မွေးမြူကြပါသည်။

မွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ

နမ်လဘူယာန်ကျေးရွာသည် လူဦးရေနည်းပါးခြင်း၊ လမ်းပမ်းဆက်သွယ်ရေးခက်ခဲခြင်းများများကြောင့် စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားစီးပွားရေးလုပ် ငန်းဖြင့်မိသားစုအသက်မွေးဝမ်းကျောင်းပြု နိုင်ရန်ခက်ခဲပါသည်။

ကျေးရွာ၏လမ်းပန်းဆက်သွယ်ရေးအခြေအနေ

ကျေးရွာတွင်းရှိအဓိကလမ်းမကြီးမှာကျောက်ချောလမ်းဖြစ်ပြီးကျေးရွာ တွင်းချဉ်းကပ်လမ်းမှာမြေသားလမ်းများဖြစ်ပြီးမိုးတွင်းကာလတွင်သွား လာရန်အခက်အခဲများရှိပါသည်။ ကျေးရွာချင်းဆက်လမ်းအဖြင့် ငွါးဇာခါး – နမ်ဘူယာန် ကျေးရွာကြားရှိကျေးရွာချင်းဆက်လမ်းမှာကျောက်ချောလမ်းဖြစ်ပြီး နမ်ဘူယာန် – ဇော်ကန် ကျေးရွာကြားရှိကျေးရွာချင်းဆက်လမ်းမှာမြေသားလမ်းအမျိုးအစားဖြစ်ပါသည်။

သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

နမ်ဘူယာန်ကျေးရွာတွင် ပို့ဆောင်ရေးယာဉ်အဖြစ်အဓိကဆိုင်ကယ်ကိုသာအသုံးပြုကြပါသည်။ဆိုင်ကယ်အရေအတွက်ပျမ်းမျှ(၁)အိမ်ထောင်တွင်(၁) စီးနှုန်းခန့်ရှိသည်ကိုလေ့လာတွေ့ရှိရပါသည်။ အခြားယာဉ်များအဖြင့်နွားလည်း(၁၅)စီးနှင့်ကား(၁) စီးသာတွေ့ရှိရပါသည်။

လျှပ်စစ်မီးရရှိမှုအခြေအနေ

နမ်ဘူယာန်ကျေးရွာသည် မြို့နှင့် အလှမ်းဝေးလွန်းသဖြင့် လျှပ်စစ်မီးမဟာဓါတ်အားလိုင်းမရောက်ရှိနိုင်သဖြင့် ကျေးရွာတွင်လျှပ်စစ်မီးမရရှိပါ။ အချို့အိမ်ထောင်စုများအသေးစားအိမ်သုံးဆိုလာများကိုသာ အသုံးပြုကြရပါသည်။

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

နမ်ဘူယာန်ကျေးရွာတွင် လျှပ်စစ် မီးမရရှိသည့်အတွက်ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာများအသုံးပြု ရန်အခက်အခက်အခဲရှိပါသည်။

ပညာရေး

နမ်ဘူယာန်ကျေးရွာတွင် အခြေခံပညာ အလယ်တန်းကျောင်းခွဲအထိဖွင့်လှစ်ထားရှိပြီးမူလ တန်းတွင်ပညာသင်ကြားနေသူ(၆၂)ဦး အလယ်တန်းတွင်ပညာသင်ကြားနေသူ(၃၆)ဦးနှင့် အထက်တန်းတွင်ပညာသင်ကြားနေသူ (၉)ဦးနှင့် ကောလိပ်/တက္ကသိုလ်များထိပညာသင်ကြားနေသူ (၃)ဦးသာရှိပါသည်။ အထက်တန်းအား မြို့ကျောင်းများသို့သွားရောက်ပညာသင်ကြားကြရပါသည်။

ကျန်းမာရေး

နမ်ဘူယာကျေးရွာတွင် ကျေးရွာဆေးပေးခန်းမရှိသဖြင့် ကျေးရွာအတွင်းဖျားနာမှုများရှိပါက နီးစပ်ရာ အခြားကျေးရွာများရှိဆေးပေးခန်းများ မြို့နယ်ဆေးရုံများသို့သွားရောက်ကုသရပါသည်။ကျေးရွာတွင်ကာကွယ်ဆေးများအား မြို့နယ်ကျန်းမာရေးဌာနမှ (၁)နှစ်(၁)ကြိမ်ကာကွယ်ဆေးထိုးနှံပေးမှုများရှိပါသည်။ ရာသီအလိုက်ဖြစ်ပေါ်တတ်သော ကူစစ်ရောဂါများကို အချိန်မှီကာကွယ်ကုသနိုင်မှုမရှိခြင်း

ရာသီဥတုအခြေအနေ

နမ်ဘူယာနဝ်ကျးရွာသည် မိုးအလွန်များသောဒေသဖြင့်ပါသည်။ နှစ်စဉ်မိုးရွာသည့် ကာလမှာ (၆) လနှစ်အထက်ရှိပါသည်။ ကဆုန် – နယုန် မှ သီတင်းကျွတ်အထိမိုးဆက်တိုက်ရွာသွန်းလျှက်ရှိပြီးကျန် လများတွင်လည်း ရံဖန်ရံခါ မိုးရွာ သွန်းလျှက်ရှိပါသည်။ တန်ဆောင်မုန်းလ မှ တပေါင်းလအထိ ဆောင်းရာသီနှင်းများ နှင်းများထူထပ်ကာ အလွန်အေးပါသည်။ တန်ခူးလမှ ကဆုန်လ များတွင်နွေရာသီ ပူပြင်း အိုက်စပ်ပါသည်။

(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ်အောက်	နို့စို့အရွယ်	၆	၇	၁၃
၁ နှစ်မှ ၄ နှစ်အထိ	၅ နှစ်အောက်ကလေးငယ်	၃၂	၂၄	၅၆
၅ နှစ်မှ ၉ နှစ်အထိ	မူလတန်းကျောင်းသားအရွယ်	၃၁	၂၉	၆၀
၁၀ နှစ်မှ ၁၄ နှစ်အထိ	အလယ်တန်းကျောင်းသားအရွယ်	၄၃	၂၇	၇၀
၁၅ နှစ်မှ ၆၄ နှစ်အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၁၁၃	၁၁၂	၂၂၅
၆၅ နှစ်အထက်	သက်ကြီးရွယ်ကြီး	၃	၃	၆
စုစုပေါင်း		၂၂၈	၂၀၂	၄၃၀
စုစုပေါင်းအိမ်ထောင်စု		၇၅		

ရင်းမြစ် ...(၁)အိမ်ထောင်စုစာရင်းကောက်ယူမှု ၊(၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ။ နမ်ဘူယန်ကျေးရွာတွင် အိမ်ထောင်စု (၇၅)ရှိပြီးလူဦးရေစုစုပေါင်းမှာ (၄၃၀) ဦးရှိသဖြင့် ပျမ်းမျှ(၁) အိမ်ထောင်စုတွင် မိသားစုဝင်(၅)ဦးခန့်ရှိသဖြင့်မြန်မာနိုင်ငံ၏ပျမ်းမျှအိမ်ထောင်စုဦးရေ အရေအတွက်နှင့်ကိုက်ညီမှုရှိသည်ကိုတွေ့ရှိရပါသည်။ ကောက်ယူရရှိသည့်အိမ်ထောင်စာရင်းအရ(မ)ဦးရေးမှာ(ကျား)ဦးရေထက်(၂) ရာခိုင်နှုန်းလျော့နည်းကြောင်းတွေ့ရှိရပါသည်။

(၂) သဘာဝ အရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ

(၂.၁) ကျေးရွာ၏ မြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်များ

ဇယား(၂) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့	ရေရရှိမှု (ရ/မရ/အနည်း/ အကျဉ်း)	ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်၊ စသည်)
လယ်မြေ	၁၇၃.၀၅	သင့်	ရ	ချောင်းရေ
ယာမြေ				
ဥယျာဉ်ခြံမြေ				
အိမ်ခြံဝင်းစိုက်ခင်း	၄၅.၆၅	သင့်	မရ	
ကိုင်း/ ကျွန်းမြေ				
စားကျက်မြေ	၂၀၀	သင့်	ရ	ချောင်းရေ
ပလပ်မြေ				
သစ်တောမြေ				
စုစုပေါင်း	၄၁၈.၇			

ရင်းမြစ် ...(၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊

လေ့လာတွေ့ရှိချက်။ ။ နမ်ဘူယာန်ကျေးရွာ၏ လယ်မြေ စိုက်ပျိုးမှုအခြေအနေမှာပျမ်းမျှတစ်အိမ်ထော

စုတွင် (၂) ဧကခွဲ ခန့်သာရှိသဖြင့် ကျေးရွာတွင်လယ်ယာစိုက်ပျိုးရေးအား‌တစ်နိုင်တစ်ပိုင်သာဆောင်ရွ

ကြောင်းတွေ့ရှိရပြီး သီးနှံစိုက်ခင်းများကိုးလည်း မိမိ အိမ်ခြံတွင်း တစ်နိုင်တစ်ပိုင်ဟင်းစားရရုံမျှသာစိုက်

ပျိုးကြောင်းတွေ့ရှိရပါသည်။

(၂.၂) ခါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား(၃) ခါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

အမျိုးအစား	ရရှိနိုင်မှု များ၊သင့်၊နည်း၊မရှိ	အသုံးပြုနှုန်းမှု (လွယ်၊ခက်၊လက်လှမ်းမမှီ)
ကာပွန် (ခါတ်ငွေ့၊ရေနံ)	မရှိ	လက်လှမ်းမမှီ
ခါတ်သတ္တု(ကျောက်မျက်၊သတ္တု၊ကျောက်ကျောက်မီးသွေး၊သဲ)စသည့်	နည်း	ခက်
သဘာဝအရင်းအမြစ်များ		
တိရစ္ဆာန်မျိုးစိတ်များ	သင့်	ခက်
အပင်မျိုးစိမ့်များ (လူ၊တိရစ္ဆာန်တို့အတွက်အသုံးဝင်သော	သင့်	ခက်
ပျမ်းမျှအပူချိန် – ၃၂	ပျမ်းမျှမိုးရေချိန် – ၆၀	

အရင်းအမြစ်.... ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိ/ရပ်ဖ

လေ့လာတွေ့ရှိချက်။ နမ်ဘူယန်ကျေးရွာတွင် ရွေအနည်းငယ်ထွက်ရှိကြောင်းသိရှိရပါသည်။အခြားသဘာဝအရင်းအမြစ်များအနေဖြင့် အလန်ဂါးကျေးရွာသည် ခါကာဘိုရာအမျိုးသားဥယျဉ်နှင့်နီးသဖြင့် တိရစ္ဆာန်မျိုးစိပ်များ၊ လူ/တိရစ္ဆာန်တို့အတွက်အသုံးဝင်သောအပင်မျိုစိတ်များလည်းတွေ့ရှိကြောင်းလေ့လာတွေ့ရှိရပါသည်။ သို့သော်ဒေသခံရွာသူ/သားများမှ ဆေးဘက်ဝင်အပင်မျိုးစိတ်များအားမသိရှိခြင်းတို့ကြောင့် အကျိုးပြု၊အသုံးပြုနိုင်မှုတွင်ခက်ခဲကြောင်း ရပ်မိ/ရပ်ဖများနှင့်ဦးတည်အုပ်စုဆွေးနွေးခြင်းဖြင့်သိရှိရပါသည်။

(၃)ဖွံ့ဖြိုးမှုဆိုင်ရာစီမံခန့်ခွဲမှု

ဇယား(၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား	လုပ်ငန်းတာဝန်	ရှင်းလင်းဖော်ပြချက်
၁	ဘာသာရေး	၁☐၂☐၃☑	ပညာရေး☐ ငွေကြေး ☐ ကျန်းမာရေး☐ဘာသာရေး☑ စိုက်ပျိုးရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုး ☐ လုံခြုံရေးနှင့်ကာကွယ်ရေး ☐	ကျေးရွာတွင် ဘာသာရေးအဖွဲ့ အစည်းများမှာကျေးရွာသူ/သား များအပေါ်သြဇာညောင်းပြီးသ ရေး/နာရေး များတွင်ကျေးသူ/ သားများနှင့်ပူးပေါင်းဆောင်ရွ
၂	မြစိမ်းရောင်	၁☑၂☐၃☐	ပညာရေး☐ ငွေကြေး ☑ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုး ☐ လုံခြုံရေးနှင့်ကာကွယ်ရေး ☐	ကျေးရွာ၏ ချေးငွေကိစ္စများကို မြို့နယ်ကျေးလက်ဦးစီးဌာနနှင့် ဆက်သွယ်၍တာဝန်ယူ ဆောင် ရွက်ပေးသောအဖွဲ့ဖြစ်ပါသည်။
၃	မိဘ၊ဆရာ	၁☐၂☐၃☑	ပညာရေး☐ ငွေကြေး ☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုး ☑ လုံခြုံရေးနှင့်ကာကွယ်ရေး ☐	ကျေးရွာ၏ပညာရေးဆိုင်ရာလို အပ်ချက်များကိုဆရာ/မများနှင့် ညှိနှိုင်းတိုင်ပင်ဆောင်ရွက်ပေး ရသောအဖွဲ့ဖြစ်ပါသည်။
၄	ကျွဲ၊နွားစား ကျက်ကော် မတီအဖွဲ့	၁☐၂☑၃☐	ပညာရေး☐ ငွေကြေး ☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးရေး ☑ သာရေး/နာရေး၊လူမှုဖွံ့ဖြိုး ☐ လုံခြုံရေးနှင့်ကာကွယ်ရေး ☐	စိုက်ပျိုး၊မွေးမြူရေးလုပ်ငန်း ကိုအဓိကလုပ်ကိုင်သဖြင့်ကျေး ရွာရှိကျွဲ၊နွားများထိန်းသိမ်းနိုင် ရန်အဓိကဆောင်ရွက်ပေးသော အဖွဲ့ဖြစ်ပါသည်။
၅	ကျေးရွာလူ ငယ်များ	၁☐၂☑၃☐	ပညာရေး☐ ငွေကြေး ☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုး ☑ လုံခြုံရေးနှင့်ကာကွယ်ရေး ☐	ကျေးရွာရှိသာရေး၊နာရေးများ တွင်သက်ဆိုင်ရာရပ်မိ ၊ရပ်ဖ လူကြီးများနှင့်ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိသောအဖွဲ့ ဖြစ်ပါသည်။

ရင်းမြစ်... ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီးအုပ်စု။

လေ့လာတွေ့ရှိချက်။ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့မှာကျေးရွာနှင့်ဆိုင်သောလုပ်ငန်းများတွင်အဓိကပါဝင်
ဆောင်ရွက်ပေးရသောအဖွဲ့ဖြစ်ပါသည်။ ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းအားလုံးမှကော်မ
ဖွဲ့ဝင်များအား ကျေးရွာသူ/သား များကရွေးချယ်တင်မြှောက်ရပြီး အခကြေးငွေရယူခြင်းမရှိဘဲ ကိုယ်ကျိုး
စွန့်၊ ပါဝင်ဆောင်ရွက်ကြရပါသည်။

(၄.၁) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၅) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်းအရာ	မြေယာပိုင်ဆိုင်မှု			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည် သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၃.၄ ဧက	၂.၃ ဧက	၁.၂ ဧက	မြေယာပိုင်ဆိုင်မှုမရှိ
အိမ်အခြေအနေ	ပြင်ခင်း၊ပြင်ကာ ကာလာသွပ်မိုး	ပြင်ခင်း၊ပြင်ကာ သွပ်မိုး	ပြင်ခင်း၊ဝါးထရံ သွပ်မိုး	ဝါးကြမ်းခင်း၊ဝါးထရံ တိန်းကောရွက်မိုး
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု	လက်တွန်းထွန်စက်၊မြက်ရိတ်စက်၊ ကြိတ်စက်	လက်တွန်းထွန်စက်		
အဓိကစီးပွားရေး လုပ်ငန်း	လယ်ယာ၊ ဈေးဆိုင် အသေးစားဆန်စက်	လယ်ယာ၊ဈေးဆိုင်	လယ်ယာ	လက်လုပ်လက်စား
အိမ်ထောင်စု	၅	၄၃	၂၂	၅

ရင်းမြစ် ...(၁)ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ။ နမ်ဘူယာန်ကျေးရွာတွင် ဥစ္စာဓနအဆင့်အခြေအခြေအနေအရ ကျေးရွာအိမ်ထောင်စု၏ ၇၅ ရာခိုင်နှုန်းမှာအလယ်အလတ်ရှိသောအိမ်ထောင်းစုများဖြစ်ကြကျန်အိမ်ထောင်စုများမှာအဆင်ပြေသောအိမ်ထောင်စု (၅) ရာခိုင်နှုန်းနှင့်အဆင်မပြေသောအိမ်ထောင်စု(၁၅) ရာခိုင်နှုန်းခန့်နှင့် အလွန်မပြေလည်သောအိမ်ထောင်စုအဖြင့် (၅) ရာခိုင်နှုန်းခန့်တွေ့ရှိရပါသည်။

(၄.၂) သီးနှံထုတ်လုပ်ရေး

(၄.၂.၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဇယား (၆) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာမြေပိုင်ဆိုင်သည့်အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၃	၄%	မြေယာမဲ့
၂	၂.၅ဧကအောက်(၁ဟက်တာထိ)	၂၅	၃၀%	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ၅ဧကထိ(၂ဟက်တာထိ)	၄၂	၆၀%	တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား (၅ ဟက်တာထိ)	၅	၆%	အလယ်လတ်စားတော
၅	၁၂.၅ဧကအထက် (၅ ဟက်တာနှင့်အထက်)			တောင်သူကြီး
	ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း	၇၅		

ရင်းမြစ် ...(၁)အိမ်ထောင်စုစာရင်း ကောက်ယူမှု၊(၂)ဦးတည်အုပ်စုဆွေးနွေးခြင်း–လယ်သမားအုပ်စု၊(၃)လယ်ယ
မြေစီမံခန့်ခွဲမှုနှင့် စာရင်းအင်းဦးစီးဌာန၊ (၄)ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ။ နမ်ဘူယန်ကျေးရွာတွင် ကျေးရွာ၏စိုက်ပျိုးမြေပို
ဆိုင်မှုအခြေပြဇယားအရကျေးရွာအိမ်ထောင်စု၏၄% ခန့်သည်စိုက်ပျိုးမြေပိုင်ဆိုင်မှုမရှိကြောင်းတွေ့ရှိရပါသည်။
ကျန်အိမ်ထောင်စုများတွင် ၂ဧက အောက်ဆင်းရဲသားတောင်သူများအဖြင့်၃၀% ၊ ၂ ဧကမှ ၅ ဧကအထိစိုက်ပို
လုပ်ကိုင်ကြသည့် တောင်သူငယ်များ ၆၀% နှင့် ၅ဧကမှ ၁၂ဧကထိလုပ်ကိုင်ကြသောအလယ်လတ်တောင်သူများ
အဖြင့် ၆ ရာခိုင်နှုန်းရှိကြောင်းတွေ့ရှိရပါသည်။ ဒေသဆန်စပါးဈေးကွက်မရှိသဖြင့် မိသားစုဝမ်းစာဖူလုံမှုကိုသာ
အဓိကထားစိုက်ပျိုးကြောင်းသိရှိရပါသည်။

(၄.၂.၂) အဓိကသီးနှံနှင့် အထွက်နှုန်း

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစု ပေါင်း စိုက် ကေ	တစ်ကေထွက်နှုန်း				အကျိုးအမြတ်ရရှိမှု(နှည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက်
		ယူနစ်	အနည်း ဆုံး	အများ ဆုံး	ပျှမ်း မျှ	
စပါး	၁၇၃.၀၅	၁	တင်း(၃၅)	(၅၀)တင်း	(၄၀)တင်း	သင့်

ရင်းမြစ် ...ဦးတည်အုပ်စု ဆွေးနွေးခြင်း –လယ်သမားအုပ်စု

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ။ နမ်ဘူယာန်ကျေးရွာတွင်အဓိကစိုက်ပျိုးသီးနှံအဖြစ် ဆန်စပါးစိုက်ပျိုးခြင်းလုပ်ငန်းဆောင်ရွက်ကြပါသည်။ ပျမ်းမျှလယ် (၁)ဧကတွင်စပါးထွက်နှုန်း တင်း(၄၀)ခန့် ရှိပါသည်။ ခေတ်မှီနည်းစနစ်မရှိခြင်း နှင့် ဓါတ်မြေဩဇာများ အသုံးမပြုခြင်း မိရိုးဖလာစိုက်ပျိုးနည်းဖြင့်ပျိုး ကြသဖြင့် (၁)ဧက ထွက်နှုန်းစပါးတင်း(၄၀)မှာဒေသ အတိုင်းအတာအရ စပါးထွက်နှုန်းသင့်သည့်အခြေအနေ တွင်ရှိကြောင်းတွေ့ရှိရပါသည်။

(၄.၃) မွေးမြူရေးလုပ်ငန်း

ဇယား(၈)မွေးမြူရေးနှင့် ငါးလုပ်ငန်းဆောင်ရွက်မှု အခြေအနေ

မွေးမြူရေးနှင့်ငါးလုပ်ငန်း	မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသောအိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၄၈	၁၁၃
နို့စားနွား		
ကျွဲ	၅၇	၁၄၉
မြင်း		
မြည်း		
လား		
ဆိတ်	၁	၆
သိုး		
ဝက်	၃၉	၉၂
ကြက်		
ဘဲ	၂	၁၃
နွားနောက်		
ငါးလုပ်ငန်း		
ငါးကန်		
ပုဇွန်ကန်		
ရေချိုငါးဖမ်းလုပ်ငန်း		
ကမ်းလွန် ငါးဖမ်းလုပ်ငန်း		

ရင်းမြ.....(၁) အိမ်ထောင်စုစာရင်းကောက်ယူမှု ၊(၂)ဦးတည်အုပ်စုဆွေးနွေးခြင်း–လယ်သမားအုပ်စု လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ။ နမ်ဘူယန်ကျေးရွာတွင် မွေးမြူရေးလုပ်ငန်း အား စီပွားဖြစ်မွေးမြူခြင်းမဟုတ်ဘဲ မိသားစုအတွင်း တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်းအဖြင့်သာ မွေးမြူလျက်ရှိကြောင်းတွေ့ရှိရပါသည်။

(၄.၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား(၉)စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ

စဉ်	လုပ်ငန်းများ(ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှု)	လုပ်ငန်းအရေအတွက်	ဝန်ထမ်း/အလုပ်သမားအရေအတွက်	မိသားစုဝင်လုပ်အား	ရပ်တည်နိုင်မှု(နိမ့်၊မြင့်၊လတ်)ရှင်းလင်းဖော်ပြချက်
၁	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေးနှင့်သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း				
၂	ထုတ်ကုန်များ				
၃	လျှပ်စစ်၊ဓါတ်ငွေ့နှင့် ရေပေးဝေရေး				
၄	ဆောက်လုပ်ရေး၊လက်သမား၊ပန်းရံလုပ်ငန်း				
၅	ယဉ်၊စက်ကိရိယာ၊အိမ်သုံးပစ္စည်းများပြင်ဆင်ရေး				
၆	ကျွမ်းကျင်ပညာရှင်(ဆံပင်၊အလှပြင်၊အပ်ချုပ်၊အင်ဂျင်နီယာ၊သင်တန်းပေးသူ)				
၇	လက်လီ–လက်ကားရောင်းဝယ်ရေး		၂	၇	နိမ့်
၈	ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း				
၉	ပို့ဆောင်ရေး၊သိုလောင်ရေး				
၁၀	ချေးငွေဝန်ဆောင်မှုလုပ်ငန်း(ဘဏ်၊ငွေချေးခြင်းလုပ်ငန်းအပါအဝင်ငွေကြေးဝန်ဆောင်မှုလုပ်ငန်း)				
၁၁	အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်းခြင်းနှင့်ဆက်စပ်သောလုပ်ငန်းများ				
၁၂	ပညာရေး		၁	၆	လတ်
၁၃	ကျန်းမာရေး				
၁၄	လူမှုရေးလုပ်ငန်းများ		၂	၈	လတ်
၁၅	အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အထက်ဖော်ပြပါလုပ်ငန်းများမှအပ)				
	စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ		၅	၂၁	

ရင်းမြ.....(၁) အိမ်ထောင်စုစာရင်းကောက်ယူမှု ၊(၂)ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စုလေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ။ နမ်ဘူယာန်ကျေးရွာသည် လူဦးရေနည်းပါးခြင်းလမ်းပမ်းဆက်သွယ်ရေးခက်ခဲခြင်းများကြောင့် စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားစီးပွားရေးလုပ်ငန်းဖြင့် မိသားစုအသက်မွေးဝမ်းကျောင်းပြု နိုင်ရန်ခက်ခဲပါသည်။

(၅)အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

(၅.၁) ဈေး

ဇယား (၁၀) ကုန်စည်နှင့်ဝန်ဆောင်မှု ၊ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဈေးကွက်လက်လှမ်းမှီမှု	အနီးဆုံးဈေး (အနီးဆုံးတစ်ခုကိုသာဖော်ပြရန်)	အကြီးဆုံးဈေးကွက် (အဓိကတစ်ခုကိုသာဖော်ပြရန်)
ဈေးအမည် (မြို့/ရွာ)	ပူတာအိုဈေး	ပူတာအိုဈေး
ရွာမှအကွာအဝေး(မိုင်) (အနီးစပ်ဆုံး တစ်ခုကိုခန့်မှန်းပြီးရွေးချယ်ရန်)	၀မှ၁မိုင်☐ ၁မိုင်မှ၅မိုင်☐ ၅မိုင်မှ၁၀မိုင်☐၁၀မိုင်မှ၁၅မိုင်☐ ၁၅မိုင်အထက်☑	၀မှ၁မိုင်☐ ၁မိုင်မှ၅မိုင်☐ ၅မိုင်မှ၁၀မိုင်☐၁၀မိုင်မှ၁၅မိုင်☐ ၁၅မိုင်အထက်☑
သယ်ယူပို့ဆောင်ရေးနည်းလမ်း	ခြေလျင်☑ စက်ဘီး☐ဆိုင်ကယ်☑ ကား/ထော်လာကျီ☐ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ☐	ခြေလျင်☑ စက်ဘီး☐ဆိုင်ကယ်☑ ကား/ထော်လာကျီ☐ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ☐

ရင်းမြစ် ...(၁)ဦးတည်အုပ်စုဆွေးနွေးခြင်း– ရပ်မိ/ရပ်ဖအုပ်စု၊လယ်သမားအုပ်စု၊အမျိုးသမီးအုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူအုပ်စု

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ။ နမ်ဘူယာန်ကျေးရွာတွင်ကျေးရွာတွင်း ဈေးမရှိသဖြင့် ပူတာအိုဈေးသို့အဓိကထားသွားလာ ရောင်း/ဝယ် ကြရပါသည်။

(၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ

လမ်းအမျိုးအစား	အမျိုးအစား	အရည်အသွေး	ရာသီအလိုက် သုံးစွဲနိုင်မှု	လမ်းအရှည် (မိုင်)
ရွာတွင်းလမ်း	၁☐ ၂☐ ၃☑ ၄☐ ၅☐	ကောင်း☐သင့်☑ညံ့☐	ပွင့်လင်းရာသီ☐ တစ်နှစ်လုံး ☑	၀-မိုင် ☐ ၁-၅မိုင် ☑ ၅-၁၀မိုင် ☐ ၁၀မိုင်အထက်☐
ချဉ်းကပ်လမ်း	၁☑ ၂☐ ၃☐ ၄☐ ၅☐	ကောင်း☐သင့်☐ညံ့☑	ပွင့်လင်းရာသီ☐ တစ်နှစ်လုံး ☑	၀-မိုင် ☐ ၁-၅မိုင် ☑ ၅-၁၀မိုင် ☐ ၁၀မိုင်အထက်☐
ကျေးရွာချင်းဆက်လမ်း	၁☑ ၂☐ ၃☑ ၄☐ ၅☐	ကောင်း☐သင့်☑ညံ့☐	ပွင့်လင်းရာသီ☐ တစ်နှစ်လုံး ☑	၀-မိုင် ☐ ၁-၅မိုင် ☑ ၅-၁၀မိုင် ☐ ၁၀မိုင်အထက်☐

ရင်းမြစ် ...(၁)ဦးတည်အုပ်စုဆွေးနွေးခြင်း– ရပ်မိ/ရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ။ ကျေးရွာတွင်းရှိအဓိကလမ်းမကြီးမှာကျောက်ခဲ့လမ်းဖြစ်ပြီး ကျေးရွာတွင်းချဉ်းကပ်လမ်းများမှာ မြေသားလမ်းများဖြစ်ပြီးမိုးတွင်းကာလတွင်သွားလာရန်အခက်အခဲများရှိပါသည်။ ကျေးရွာချင်းဆက်လမ်းအဖြင့် ငွါးဇာခါး – နမ်ဘူယာန်ကျေးရွာကြား ရှိကျေးရွာချင်းဆက်လမ်းမှာကျောက်ခဲ့လမ်းဖြစ်ပြီး နမ်ဘူယာန် – ဇော်ကန်ကျေးရွာကြားရှိကျေးရွာချင်းဆက်လမ်းမှာမြေသားလမ်းအမျိုးအစားဖြစ်ပါသည်။

(၅.၃)ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား(၁၂)ရေကြောင်းသယ်ယူပို့ဆောင်ရေး(အသုံးမပြုပါက အကွာအဝေး(မိုင်) အကွက်အောက်ရှိ အသုံးမပြုပါ အကွက်တွင်(အမှန်ခြစ်)ပါ။

သယ်ယူပို့ဆောင်ရေး	Nearest town အကွာအဝေးမိုင်	ရာသီအလိုက် သုံးစွဲနိုင်မှု
မြစ်ကြောင်း	အသုံးမပြုပါ	
ပင်လယ်ရေကြောင်း	အသုံးမပြုပါ	

ရင်းမြစ်..... ဦးတည်အုပ်စုဆွေးနွေးခြင်း– ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ။

(၅.၄)သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား(၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

ယာဉ်အမျိုးအစား	လှေ၊သမ္ဘာန်	စက်လှေ	စက်ဘီး	မော်တော်ဆိုင်ကယ်	သုံးဘီးဆိုင်ကယ်	ထော်လာကျီ	ကား	မြင်းလည်း	နွားလည်း
				၅၄	၁				၁၅

ရင်းမြစ် ...အိမ်ထောင်စုစာရင်းကောက်ယူမှု

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ။ နမ်ဘူယန်ကျေးရွာတွင် ပို့ဆောင်ရေးယာဉ်အဖြစ် အဓိကဆိုင်ကယ်ကိုသာအသုံးပြုကြပြီး ဆိုင်ကယ်အရေအတွက်ပျမ်းမျှ(၁)အိမ်ထောင်တွင်(၁)စီးနှုန်းခန့်ရှိသည်ကိုလေ့လာတွေ့ရှိရပါသည်။ အခြားယာဉ်များ အဖြင့်နွားလည်း(၁၅)စီးနှင့် ကား(၁)စီးသာတွေ့ရှိရပါသည်။

(၅.၅) လျှပ်စစ်မီးရရှိမှု

ဇယား(၁၄) လျှပ်စစ်မီးရရှိမှုအခြေအနေ

ရင်းမြစ်	အိမ်ထောင်စု
မဟာဓါတ်အားလိုင်း	
ဆိုလာစနစ်	၂၉
အသေးစားရေအားလျှပ်စစ်	၅
ဒီဇယ်သုံးအင်ဂျင်	
လေစွမ်းအင်	
ဇီဝလောင်စာ	
အမျိုးအမည်ခွဲခြားဖော်ပြခြင်းမပြုနိုင်သော လျှပ်စစ်ဓါတ်အားပေးစနစ်	
လျှပ်စစ်မီးအသုံးမပြုနိုင်သော	၄၁

ရင်းမြစ် ..(၁)အိမ်ထောင်စုစာရင်းကောက်ယူမှုဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။ လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ။ နမ်ဘူယာန်ကျေးရွာသည် မြို့နှင့်အလမ်းဝေးလွန်းသဖြင့် လျှပ်စစ်မီးမဟာဓါတ်အားလိုင်းမရောက်ရှိသောကျေးရွာဖြစ်ပြီး ကျေးရွာတွင်းသက်ဆိုင်ရာဌာနများမှထောက်ပံ့ပေးသည့် အသေးစားဆိုလာစနစ်ကိုသာအသုံးပြုကြရပြီး ယခုအခါငုံးဆိုလာများ၏(၇၀)ရာခိုင်နှုန်းပျက်စီးသဖြင့် ကျေးရွာတွင်းလျှပ်စစ်မီး အသုံးပြုနိုင်ခြင်းမရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

(၅.၆) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား(၁၅)ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

စဉ်	ဖုန်း	ရေဒီယို	တီဗွီ
အရေအတွက်	၃၄	၂၃	၉

ရင်းမြစ် ...(၁)ဦးတည်အုပ်စုဆွေးနွေးခြင်း– အိမ်ထောင်စုစာရင်းကောက်ယူမှု လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ။ နမ်ဘူယာန်ကျေးရွာတွင် လျှပ်စစ်မီးမရရှိသည့်အတွက်ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာများအသုံးပြု ရန်အခက်အခဲရှိပါသည်။

(၆) ပညာရေ

(၆.၁)ကျောင်းတက်နှုန်း

ဇယား(၁၆) ကျောင်းတက်နှုန်း

ပညာရေးအဆင့်အတန်း	ကျား	မ	ပေါင်း
မူလတန်း	၃၆	၂၆	၆၂
အလယ်တန်း	၁၉	၁၇	၃၆
အထက်တန်း	၄	၅	၉
တက္ကသိုလ်/ကောလိပ်		၃	၃

ရင်းမြစ် ...(၁) ကျောင်းဝင်စာရင်း ၊ ဆယ်အိမ်မှူးများ
လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ။နမ်ဘူယန်ကျေးရွာ၏ ကျောင်းတက်နှုန်း မှာမူလတန်းတွင်ပညာသင်ယူလျှက်ရှိသူ (၆၂) ဦး ၊ အလယ်တန်းတွင်ညာသင်ယူလျှက်ရှိသူ(၃၆)ဦး၊ အထက်တန်းတွင်ပညာသင်ယူလျှက်ရှိသူ(၉)ဦး၊နှင့်တက္ကသိုလ်/ကောလိပ်တက်ရောက်နိုင်ခဲ့သူ(၃)ဦး သာရှိကြောင်းတွေ့ရှိနိုင်ပါသည်။ အထက်တန်းပညာအားကျေးရွာမှ(၁၄)မိုင်ခန့်ဝေးသောပူတာအိုမြို့၊ မချမ်းဘော့မြို့တို့သွားရောက်သင်ကြားကြရသဖြင့် မိဘများမှ ကျောင်းသား/သူများအားမထောက်ပံ့နိုင်ခြင်း၊ မိသားစုအတွင်းမိဘများမှသား/သမီးများအားပညာရေးတွင်အားပေးအားမြောက်မှုမရှိခြင်း တို့ကြောင့်ကျောင်းသား/သူများ အလယ်တန်း အထက်တန်းမှ ကျောင်းထွက်မှုများပြားလျှက်ရှိကြောင်းတွေ့ရှိရပါသည်။

(၆.၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား(၁၇) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

အကြောင်းအရာ	၁	၂	၃
က။ ကျောင်းအဆင့်	မူလတန်း ☐ မူလွန် ☐ အလယ်တန်းခွဲ ☑ အလယ်တန်း ☐ အထက်တန်းခွဲ ☐ အထက်တန်း ☐	မူလတန်း ☐ မူလွန် ☐ အလယ်တန်းခွဲ ☐ အလယ်တန်း ☐ အထက်တန်းခွဲ ☐ အထက်တန်း ☑	မူလတန်း ☐ မူလွန် ☐ အလယ်တန်းခွဲ ☐ အလယ်တန်း ☐ အထက်တန်းခွဲ ☐ အထက်တန်း ☐
ခ။ရွာမှအကွာအဝေးမိုင်	၀ မှ ၁ မိုင် ☑ ၁ မိုင်မှ ၃ မိုင် ☐ ၁၅မိုင် မှ၂၀ မိုင်☐ ၂၀ မိုင်အထက် ☐	၀ မှ ၁ မိုင် ☐ ၁ မိုင်မှ ၃ မိုင် ☐ ၁၅မိုင် မှ၂၀ မိုင်☐ ၂၀ မိုင်အထက် ☑	၀ မှ ၁ မိုင် ☐ ၁ မိုင်မှ ၃ မိုင် ☐ ၁၅မိုင် မှ၂၀ မိုင်☐ ၂၀ မိုင်အထက် ☐
ဂ။သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု	ခြေလျှင် ☑ စက်ဘီး ☐ ဆိုင်ကယ် ☐ ကား ☐	ခြေလျှင် ☐ စက်ဘီး ☐ ဆိုင်ကယ် ☑ ကား ☐	ခြေလျှင် ☐ စက်ဘီး ☐ ဆိုင်ကယ် ☐ ကား ☐
ဃ။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်း(စတုရန်းပေ)			
င။ အမိုး၊နံရံ၊အခင်း၊အရည်အသွေး	ကောင်း☐သင့်☐ညံ့☑	ကောင်း☐သင့်☑ညံ့☐	ကောင်း☐သင့်☐ညံ့☐
စ။ ကျောင်းသုံးပရိဘောဂလုံလောက်မှု	လုံလောက်မှုရှိသည်☐ မလုံလောက်ပါ ☑	လုံလောက်မှုရှိသည်☑ မလုံလောက်ပါ ☐	လုံလောက်မှုရှိသည်☐ မလုံလောက်ပါ ☐
ဆ။ ကျောင်းအိမ်သာအခြေအနေ	ကောင်း☐သင့်☐ညံ့☑ မရှိ☑	ကောင်း☐သင့်☐ညံ့☑ မရှိ☑	ကောင်း☐သင့်☐ညံ့☑ မရှိ☑
ဈ။ကျောင်အဟာရတိုက်ကျွေးမှု	တိုက်ကျွေးမှုရှိသည်☐ တိုက်ကျွေးမှုမရှိပါ ☑	တိုက်ကျွေးမှုရှိသည်☐ တိုက်ကျွေးမှုမရှိပါ ☑	တိုက်ကျွေးမှုရှိသည်☐ တိုက်ကျွေးမှုမရှိပါ ☑
ဇ။ကျောင်းဆရာ/မ ဦးရေ အစိုးရခန့် ကျေးရွာခန့်	ကျား မ ပေါင်း	ကျား မ ပေါင်း	ကျား မ ပေါင်း

ရင်းမြစ် .....(၁) ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိ/ရပ်ဖ ၊ (၂) မိဘဆရာသင်းလေ့လာတွေ့ရှိချက်။ နမ်ဘူယာန်ကျေးရွာတွင် အလယ်တန်းခွဲကျောင်း ရှိပြီး အထက်တန်းအား ပူတာအိုမြို့ သို့သွားရောက် သင်ယူရပါသည်။

(၇) ကျန်းမာရေး

(၇.၁) အဖြစ်များသောရောဂါများ

ဇယား(၁၈) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

စဉ်	ရောဂါ	ပျံ့နှံ့မှု / ဖြစ်ပွားမှုနှုန်း		
၁	ဝမ်းပျက်ဝမ်းလျှောက	မြင့်☐	နိမ့်☑	မရှိ☐
၂	သွေးလွန်တုတ်ကွေး	မြင့်☐	နိမ့်☑	မရှိ☐
၃	ငှက်ဖျား	မြင့်☑	မရှိ☐	မရှိ☐
၄	အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ	မြင့်☐	နိမ့်☑	မရှိ☐
၅	HIV ,AIDS,လိင်မှတဆင့်ကူးစက်နိုင်သောရောဂါများ	မြင့်☑	မရှိ☐	မရှိ☐
၆	တီဘီ	မြင့်☐	နိမ့်☑	မရှိ☐
၇	ဆီးချို	မြင့်☐	နိမ့်☑	မရှိ☐
၈	သွေးတိုး	မြင့်☑	မရှိ☐	မရှိ☐
၉	အသည်းရောဂါ(ဘီ ၊စီ)	မြင့်☑	မရှိ☐	မရှိ☐
၁၀	အာဟာရ ချို့တဲ့မှု	မြင့်☑	မရှိ☐	မရှိ☐
၁၁	အခြားကူးစက်နိုင်သောရောဂါများ	မြင့်☑	မရှိ☐	မရှိ☐

ရင်းမြစ် ...(၁)အုပ်စုဦးတည်ဆွေးနွေးခြင်း – ရပ်မိ/ရပ်ဖအုပ်စု ၊ အမျိုးသမီးအုပ်စု၊ကျေးလက်ကျန်းမာရေးဌာန/ ကျေးလက်ကျန်းမာရေးဌာနခွဲ

လေ့လာတွေ့ရှိချက်။ ။ နမ်ဘူယာန်ကျေးရွာသူ /သား များအနေဖြင့်ကျန်းမာရေးဆိုင်ရာဗဟုတုတနည်းပါးခြင်းကြောင့် ဒေသတွင်းဖြစ်တတ်သောကူးစက်ရောဂါများ ပျံ့နှံ့မှု /ဖြစ်ပွားမှုနှုန်းမြင့် ကြောင်း လေ့လာတွေ့ရှိရပါသည်။

(၇) ကျန်းမာရေး

ဇယား(၁၉) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

စဉ်	ကာကွယ်ဆေးထိုးခြင်း (ရှိ ၊မရှိ အမှန်ခြစ်ရန်)	ရှိ	မရှိ
၁	အဆုတ်ရောဂါ		မရှိ
၂	ဆုံဆို့၊ကြွက်ညှာ၊မေးခိုင်နှင့် အသဲရောင်အသား၀ါ	ရှိ	
၃	ပိုလီယိုရောဂါ	ရှိ	
၄	မေးခိုင်(ကိုယ်၀န်ဆောင်ကာလအတွင်း)	ရှိ	
၅	၀က်သက်ရောဂါ	ရှိ	
၆	အခြားစုပေါင်းကာကွယ်ဆေးထိုးနှံမှု	ရှိ	
၇	အာဟာရ မှတ်တမ်းယူမှု (အရပ်အမြင့်၊အလေးချိန်၊လက်မောင်းပတ်		မရှိ
၈	အာဟာရ ပညာပေးအစီအစဉ်		မရှိ

ရင်းမြစ် ...(၁)အုပ်စုဦးတည်ဆွေးနွေးခြင်း – ရပ်မိ/ရပ်ဖအုပ်စု ၊ အမျိုးသမီးအုပ်စု၊ကျေးလက်ကျန်းမာရေးဌာန/ ကျေးလက်ကျန်းမာရေးဌာနခွဲ

လေ့လာတွေ့ရှိချက်။ ။ နမ်ဘူယာန် ကျေးရွာတွင်ကာကွယ်ဆေးထိုးနှံ့ ခြင်းအား စီမံချက်များဖြင့် မြို့နယ်ကျန်းမာရေးဦးစီးဌာန မှ နှစ်စဉ်ဆောင်ရွက်လျှက်ရှိပါသည်။

(၇.၃) ကျန်းမာရေးအထောက်အပံ့များ (ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၂၀) ကျန်းမာရေးအထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ကျန်းမာရေးဝန်ဆောင်မှု	ခရီးအကွာအဝေး(မိုင်)	အခန်း/ကုတင် လုံလောက်မှု
ကျေးလက်ကျန်းမာရေးဌာန/ဌာနခွဲ	၀ မှ ၁ မိုင် ☐ ၁မိုင် မှ ၃ မိုင် ☑ ၃မိုင် မှ ၅ မိုင် ☐ ၅မိုင် မှ၁၀ မိုင် ☐ ၁၀ မိုင် မှအထက် ☐	ရှိ ☐ မရှိ ☑
တိုက်နယ်ဆေးရုံ	၀ မှ ၁ မိုင် ☐ ၁မိုင် မှ ၃ မိုင် ☐ ၃မိုင် မှ ၅ မိုင် ☐ ၅မိုင် မှ၁၀ မိုင် ☑ ၁၀ မိုင် မှအထက် ☐	ရှိ ☑ မရှိ ☐
မြို့နယ်ဆေးရုံ	၀ မှ ၁ မိုင် ☐ ၁မိုင် မှ ၃ မိုင် ☐ ၃မိုင် မှ ၅ မိုင် ☐ ၅မိုင် မှ၁၀ မိုင် ☐ ၁၀ မိုင် မှအထက် ☑	ရှိ ☐ မရှိ ☑

ရင်းမြစ်.... (၁)ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိ/ရပ်ဖ အုပ်စု၊ အမျိုးသမီးအုပ်စု ၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ

လေ့လာတွေ့ရှိချက်။ ။ နမ်ဘူယာန်ကျေးရွာတွင် ကျေးရွာအတွင်းကျေးလက်ကျန်းမာရေးဌာန မရှိပါ။ကျန်းမာရေးဆိုင်ရာပြဿနာတစ်စုံတစ်ခုဖြင့်ပါက နမ်ဘူယာန်မှ (၃)မိုင်ဝေးသော ငွေးဇာခါးကျေးရွာကျေးလက်ကျန်းမာရေးဌာနနှင့် ကျေးရွာနှင့်(၇) ခန့်ဝေးသောထရန်းဒမ်းကျေးရွတိုက်နယ်ဆေးရုံနှင့် (၁၄)မိုင်ဝေးသောဘော့မြို့နယ်ဆေးရုံ များသို့ သွားရောက်ကုသရပါသည်။

(၇.၃) ကျန်းမာရေးအထောက်အပံ့များ (ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၂၁) ကျန်းမာရေးအထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ရေရရှိနိုင်မှု	အသုံးပြုသော အိမ်ထောင်စု	ရေအရည်အသွေး	လုံလောက်မှု (နေ့ ၊မိုး၊ ဆောင်း)
ရေတွင်း	၅၄	ကောင်း သင့် ညံ့	
အဝိစိတွင်း/ စက်တပ်		ကောင်း သင့် ညံ့	
အဝိစိတွင်း/ တုံကင်		ကောင်း သင့် ညံ့	
မိုးရေ လှောင်ကန်		ကောင်း သင့် ညံ့	
မြစ်/ချောင်းရေ	၂၀	ကောင်း သင့် ညံ့	
ရေကန်		ကောင်း သင့် ညံ့	
စိမ့်စမ်းရေ		ကောင်း သင့် ညံ့	

ရင်းမြစ်..... (၁)အိမ်ထောင်စုစာရင်းကောက်ယူမှု ၊(၂)ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီးအုပ်စု ၊ (၃) ကျေးရွာသယံဇာတပြဓမြေပုံ။

လေ့လာတွေ့ရှိချက်။ ။ နမ်ဘူယာန်ကျေးရွာတွင် ရေတွင်း(၅)တွင်းရှိပြီး ရေတွင်းနှင့် အလှမ်းဝေးသည့် အိမ်ထောင်စု အချို့ မြစ်ရေ / ချောင်းရေ များကိုအသုံးပြုရပါသည်။

(၇.၄.၂) သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေအတွက်)

ဇယား(၂၂) အိမ်သာအမျိုးအစား

သုံးစွဲနိုင်သော အိမ်သာအမျိုးအစား	သုံးစွဲနိုသော အိမ်ထောင်စု
သန့်ရှင်းသော ယင်လုံအိမ်သာသုံးစွဲမှု	
ရေဆွဲအိမ်သာ	
ရေလောင်း၊ ယင်လုံအိမ်သာ	၅၆
မသန့်ရှင်းသော ယင်လုံအိမ်သာသုံးစွဲမှု	
တွင်း/ ဇလားအိမ်သာ	၁၉
တွင်းမရှိအိမ်သာ	
အိမ်သာမရှိ	

ရင်းမြစ်..... (၁)အိမ်ထောင်စုစာရင်းကောက်ယူမှု ၊(၂)ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီးအုပ်စု ၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ဌာနခွဲ

လေ့လာတွေ့ရှိချက်။ ။ နမ်ဘူယာန်ကျေးရွာတွင် အများအားဖြင့် ရေလောင်းအိမ်သာ ၊ယင်လုံအိမ်သာများကိုအသုံးပြုကြပြီး အချို့ဆင်းရဲသောမိသားစုအချို့ တွင်း/ဇလားအိမ်သာများကိုအသုံးပြုကြပါသည်။

(ခ) ဘေးအန္တရာယ် ထိခိုက်မှုအခြေအနေများ

ဇယား(၂၃) ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရယ်များအခြေအနေ

စဉ်	ဘေးအန္တရာယ် အမျိုးအစား	အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက်
၁	စားနပ်ရိက္ခာ မဖူလုံမှု	စားနပ်ရိက္ခာမလုလုံပါက အလွယ်တကူဝယ်ယူနိုင် ဈေးမရှိခြင်း
၂	သဘာဝအရင်းအမြစ်ရှားပါးမှု(မြေဩဇာ)	
၃	ရေကြီးခြင်း	မိုးရာသီကာလတွင် တောင်ကျချောင်းများရေကြီးခြင်း ကြောင့်လယ်ယာမြေအချို့ ပျက်စီးမှုများရှိသည်။
၄	မိုးခေါင်ခြင်း	
၅	အအေးလွန်ကဲခြင်း	
၆	မုန်တိုင်း	
၇	ငလျင်	
၈	မီးဘေး	
၉	ဆားငန်ရေဝင်မြေ	
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	
၁၁	သစ်တောပြုန်းတီးခြင်း	ဒေသအတွင်း သစ်ဝါးများအလွန်အကျွံထုတ်ယူကြသဖြင့် သစ်တောပြုန်းတီးမှုရှိပါသည်။
၁၂	၄ကပ်ဖျားရောဂါ	
၁၃	တီဘီရောဂါ	
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	
၁၅	ပြည်တွင်း ပဋိပက္ခ	
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	
၁၇	လူကုန်ကူးခြင်း	
၁၈	ဝေးလံခေါင်သီ/ လမ်းပန်းဆက်သွယ်ရေးခက်ခဲ စသည်။	

ရင်းမြစ်..... ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ နမ်ဘူယာန်ကျေးရွာတွင်လမ်းပန်းဆက်သွယ်ရေးအသင့်သင့်ကောင်းမွန်သော်လည်း စားနပ်ရိက္ခာများ ရောင်း/ဝယ် ဈေးကွက်မရှိသဖြင့် မိသားစုတွင်စားနပ်ရိက္ခာမဖူလုံပါကကျေးရွာရှိအိမ်ထောင်စုအိမ်ထောင်စုများတွင်အန္တရာယ်ရှိပါသည်။

(၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းမှုအခြေအနေ

ဇယား(၂၄) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ

အကြောင်းအရာ	အန္တရာယ်ရှိမှု (နိမ့် ၊ လတ် ၊ မြင့်)	ဖော်ပြချက်/ ရှင်းလင်းချက်
မြေဆီသြဇာအခြေအနေ	မြင့်	
အပင်မျိုးစိပ်များ	လတ်	
ရေအရင်းအမြစ်	လတ်	
ငါးမျိုးကွဲများ	မြင့်	
အခြားတိရစ္ဆာန်မျိုးကွဲများ	မြင့်	

ရင်းမြစ်..... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ဒေသအတွင်း သစ်များအလွန်အကျွံထုတ်ယူခြင်းများကြောင်း ရေကြီးရေလျှ
ရာသီဥတုဖောက်ပြန်ခြင်းများကြောင့်မြေဆီသြဇာတိုက်စားခြင်း ၊ပျက်ဆီးဆုံရှုံးများရှိပါသည်။ သဘာဝ
ဆေးဖက်ဝင်အပင်များအား ရှာဖွေးစုဆောင်းပြီး ပြည်တွင်းပြည်ပ များသို့တင်ပို့ရောင်းချခြင်းများရှိ
သဖြင့်အပင်မျိုးစိပ်များရှာပါးလာပါသည်။ ဒေသတွင်းငါးများအား လျှပ်စစ်ရှော့တိုက်ခြင်းများဖြင့်ဖမ်း
ဆီးနေကြသဖြင့် ငါးမျိုးများ မျိုးတုန်းပျောက်ကွယ်နိုင်သည့်အန္တရာယ်ရှိကြောင်းလေ့လာတွေ့ရှိရပါသည်

(၁၀ ကျား – မရေးရာ

ဇယား (၂၅) ကျားမ ရေးရာ

	ကျေးရွာ၏ လူမှုစီးပွားရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြင့်သင့် သောအချက်များ	ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက် သူများမှ မှန်သည်ဟုယူဆသောတစ်ခုကို ရွေးပေးပါရန်	
၁	ကျေးရွာ၏ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီး များတက်ကြွစွာပါဝင်မှု /ခေါင်းဆောင်မှု	ရှိ ☐	မရှိ ☑
၂	ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်း များတွင်အမျိုးသမီးများ တက်ကြွစွာပါဝင်ဆောင် ရွက်မှု	ရှိ ☐	မရှိ ☑

ရင်းမြစ်...(၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း– ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီး အုပ်စု။

လေ့လာတွေ့ရှိချက်။ ။နမ်ဘူယန်ကျေးရွာတွင်ကျေးရွာ၏ စီမံအုပ်ချုပ်မှုစနစ်တွင်အမျိုးသမီးများပါ ဝင်ဆောင်ရွက်မှု/ခေါင်းဆောင်မှု တို့တွင်ပါဝင်ဆောင်ရွက်မှုမရှိကြောင်းတွေ့ရှိရပြီးကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများနှင့်အဖွဲ့အစည်းများတွင်အမျိုးသမီးများတက်ကြွစွာပါဝင်ဆောင်ရွက်မှုအားနည်းကြောင်း လေ့လာတွေ့ရှိရပါသည်။

ဇယားကွက်များ ဖြည့်သောအခါ ကြိုးကိုင်ပုံ ပုံစံများ

ဇယား	ပန်းထည်	ကြိုးကိုင်ပုံ	ပုံစံ	ပုံစံ
၁။	ပြည်နယ်အလိုက် ပန်းထည်များ	ကြိုးကိုင်ပုံ ပုံစံ (၁)	ကြိုးကိုင်ပုံ ပုံစံ (၂)	ကြိုးကိုင်ပုံ ပုံစံ (၃)
၂။	ပြည်နယ်အလိုက် ပန်းထည်များ	ကြိုးကိုင်ပုံ ပုံစံ (၄)	ကြိုးကိုင်ပုံ ပုံစံ (၅)	ကြိုးကိုင်ပုံ ပုံစံ (၆)
၃။	ပြည်နယ်အလိုက် ပန်းထည်များ	ကြိုးကိုင်ပုံ ပုံစံ (၇)	ကြိုးကိုင်ပုံ ပုံစံ (၈)	ကြိုးကိုင်ပုံ ပုံစံ (၉)
၄။	ပြည်နယ်အလိုက် ပန်းထည်များ	ကြိုးကိုင်ပုံ ပုံစံ (၁၀)	ကြိုးကိုင်ပုံ ပုံစံ (၁၁)	ကြိုးကိုင်ပုံ ပုံစံ (၁၂)
၅။	ပြည်နယ်အလိုက် ပန်းထည်များ	ကြိုးကိုင်ပုံ ပုံစံ (၁၃)	ကြိုးကိုင်ပုံ ပုံစံ (၁၄)	ကြိုးကိုင်ပုံ ပုံစံ (၁၅)
၆။	ပြည်နယ်အလိုက် ပန်းထည်များ	ကြိုးကိုင်ပုံ ပုံစံ (၁၆)	ကြိုးကိုင်ပုံ ပုံစံ (၁၇)	ကြိုးကိုင်ပုံ ပုံစံ (၁၈)
၇။	ပြည်နယ်အလိုက် ပန်းထည်များ	ကြိုးကိုင်ပုံ ပုံစံ (၁၉)	ကြိုးကိုင်ပုံ ပုံစံ (၂၀)	ကြိုးကိုင်ပုံ ပုံစံ (၂၁)
၈။	ပြည်နယ်အလိုက် ပန်းထည်များ	ကြိုးကိုင်ပုံ ပုံစံ (၂၂)	ကြိုးကိုင်ပုံ ပုံစံ (၂၃)	ကြိုးကိုင်ပုံ ပုံစံ (၂၄)

ဒြပ်	ပစ္စည်း	ဝယ်သူ	ရောင်းသူ	ဈေးနှုန်း	ဝယ်ယူသည့်ရက်စွဲ
၁။	ဘီးယာရင်းနှီးမြှုပ်နှံမှုရန်ပုံငွေ	ဦးမြင့်ဆွေ	ဒေါ်ခင်မာလေး	၁၂၀၀၀၀	၂၀၂၁-၀၃-၁၅
၂။	ဘီးယာရင်းနှီးမြှုပ်နှံမှုရန်ပုံငွေ	ဦးမြင့်ဆွေ	ဒေါ်ခင်မာလေး	၁၂၀၀၀၀	၂၀၂၁-၀၃-၁၅
၃။	ဘီးယာရင်းနှီးမြှုပ်နှံမှုရန်ပုံငွေ	ဦးမြင့်ဆွေ	ဒေါ်ခင်မာလေး	၁၂၀၀၀၀	၂၀၂၁-၀၃-၁၅
၄။	ဘီးယာရင်းနှီးမြှုပ်နှံမှုရန်ပုံငွေ	ဦးမြင့်ဆွေ	ဒေါ်ခင်မာလေး	၁၂၀၀၀၀	၂၀၂၁-၀၃-၁၅
၅။	ဘီးယာရင်းနှီးမြှုပ်နှံမှုရန်ပုံငွေ	ဦးမြင့်ဆွေ	ဒေါ်ခင်မာလေး	၁၂၀၀၀၀	၂၀၂၁-၀၃-၁၅
၆။	ဘီးယာရင်းနှီးမြှုပ်နှံမှုရန်ပုံငွေ	ဦးမြင့်ဆွေ	ဒေါ်ခင်မာလေး	၁၂၀၀၀၀	၂၀၂၁-၀၃-၁၅

စဉ်	ပြဿနာ	အကြောင်းရင်း	အဖြေအကောင်းဆုံး	နိုင်ငံတကာ အတွေ့အကြုံ	ကိုယ်ပိုင်အကြံဉာဏ်
၆။	နိုင်ငံတော်ဝင်ဘဏ်မှ ကုန်သည်များအား ငွေကြေးချေးငှားခြင်း	ကုန်သည်များ ငွေကြေးချေးငှားရန် ဘဏ်သို့ သွားရောက်ရခြင်း	ဘဏ်မှ ကုန်သည်များ ထံသို့ ငွေကြေးချေးငှားရန် ကုန်သည်များ ဘဏ်သို့ သွားရောက်ခြင်း	ကုန်သည်များ ငွေကြေးချေးငှားရန် ဘဏ်သို့ သွားရောက်ခြင်း	ကုန်သည်များ ငွေကြေးချေးငှားရန် ဘဏ်သို့ သွားရောက်ခြင်း
၇။	ကုန်သည်များ ငွေကြေးချေးငှားရန် ဘဏ်သို့ သွားရောက်ရခြင်း	ကုန်သည်များ ငွေကြေးချေးငှားရန် ဘဏ်သို့ သွားရောက်ခြင်း	ကုန်သည်များ ငွေကြေးချေးငှားရန် ဘဏ်သို့ သွားရောက်ခြင်း	ကုန်သည်များ ငွေကြေးချေးငှားရန် ဘဏ်သို့ သွားရောက်ခြင်း	ကုန်သည်များ ငွေကြေးချေးငှားရန် ဘဏ်သို့ သွားရောက်ခြင်း
၈။	ကုန်သည်များ ငွေကြေးချေးငှားရန် ဘဏ်သို့ သွားရောက်ရခြင်း	ကုန်သည်များ ငွေကြေးချေးငှားရန် ဘဏ်သို့ သွားရောက်ခြင်း	ကုန်သည်များ ငွေကြေးချေးငှားရန် ဘဏ်သို့ သွားရောက်ခြင်း	ကုန်သည်များ ငွေကြေးချေးငှားရန် ဘဏ်သို့ သွားရောက်ခြင်း	ကုန်သည်များ ငွေကြေးချေးငှားရန် ဘဏ်သို့ သွားရောက်ခြင်း

(နမ်ဘူယာန်ကျေးရွာ၏ ဖွံ့ဖြိုးရေးစီမံချက်)

စဉ်	စီမံချက်လုပ်ငန်းအမည်	ဦးစားပေး အဆင့်
၁။	ကျေးရွာစီမံ့စမ်းရေသွယ်ခြင်းလုပ်ငန်ဆောင်ရွက်ခြင်း	၁
၂။	ကျေးရွာတွင်းလမ်းများအဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်ခြင်း	၂
၃။	ကျေးရွာ အလယ်တန်းခွဲ ကျောင်းဆောင်သစ်တည်ဆောက်ခြင်းလုပ်ငန်း	၃
၄။	ကျေးရွာလျှပ်စစ်မီးရရှိရေး(အသေးစားရေအားလျှပ်စစ်)လုပ်ငန်း	၄
၅။	လယ်ယာမြေသုံးရေရရှိရေး ရေကာတာတည်ဆောက်ခြင်းလုပ်ငန်း	၅
၆။	ကျေးရွာ အားကာစားကွင်းများဖော်ထုတ်ဆောင်ရွက်ခြင်းလုပ်ငန်း	၆
၇	ကျေးရွာစာကြည့်တိုက် အကောင်ထည်ဖော်ဆောင်ရွက်ခြင်း	၇
၈။	အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများဖွင့်လှစ်ဆောင်ရွက်ခြင်း	၈
၉။	ကျေးရွာတွင် ကျေးရွာဆေးခန်းထားရှိနိုင်ရေးဆောင်ရွက်ခြင်းလုပ်ငန်း	၉
၁၀။	ကျေးရွာ ကျွဲ၊နွား စားကျက်ခြံစည်းရိုးအခိုင်အမာကာရံဆောင်ရွက်ခြင်းလုပ်ငန်း	၁၀
၁၁။	ကျေးရွာတွင်းလမ်းများပေါ်ရှိ ကွန်ကရစ်ရေပြွန်များဆောင်ရွက်ခြင်းလုပ်ငန်း	၁၁

စဉ်	စီမံချက်လုပ်ငန်းများအားဘဏ္ဍာရေးနှစ်အလိုက် လျာထားချက်	၂၀၁၉ - ၂၀၂၀	၂၀၂၀ - ၂၀၂၁	၂၀၂၁ - ၂၀၂၂	၂၀၂၂ - ၂၀၂၃	၂၀၂၃ - ၂၀၂၄
၁	ကျေးရွာစိမ့်စမ်းရေသွယ်ခြင်းလုပ်ငန်ဆောင်ရွက်ခြင်း	✓				
၂	ကျေးရွာတွင်းလမ်းများအဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်ခြင်း	✓	✓	✓		
၃	ကျေးရွာ အလယ်တန်းခွဲ ကျောင်းဆောင်သစ်တည်ဆောက်ခြင်း					✓
၄	ကျေးရွာလျှပ်စစ်မီးရရှိရေး(အသေးစားရေအားလျှပ်စစ်)လုပ်ငန်း		✓	✓		
၅	လယ်ယာမြေသုံးရေရရှိရေး ရေကာတာတည်ဆောက်ခြင်းလုပ်ငန်း			✓	✓	
၆	ကျေးရွာ အားကာစားကွင်းများဖော်ထုတ်ဆောင်ရွက်ခြင်းလုပ်ငန်း		✓	✓		
၇	ကျေးရွာစာကြည့်တိုက် အကောင်ထည်ဖော်ဆောင်ရွက်ခြင်း				✓	✓
၈	အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများဖွင့်လှစ်ဆောင်ရွက်ခြင်း	✓	✓	✓	✓	✓
၉	ကျေးရွာတွင် ကျေးရွာဆေးခန်းထားရှိနိုင်ရေးဆောင်ရွက်ခြင်းလုပ်			✓	✓	✓
၁၀	ကျေးရွာ ကျွဲ၊နွားစားကျက်ခြံစည်းရိုးအခိုင်အမာကာရံဆောင်ရွက်ခြင်း		✓	✓		
၁၁	ကျေးရွာတွင်းလမ်းများပေါ်ရှိ ကွန်ကရစ်ရေပြွန်များဆောင်ရွက်ခြင်း			✓	✓	✓

၁။ ကျေးရွာစိမ့်စမ်းရေသွယ်ခြင်းလုပ်ငန်းဆောင်ရွက်ခြင်း

နမ်ဘူယာန်ကျေးရွာတွင်ယခင် (UNDP) မှဆောင်ရွက်သောရေတွင်းများနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာနတို့ မှဆောင်ရွက်သည့်ရေတွင်း (၅) တွင်းကိုသာအဓိကမှီခိုသုံးစွဲရပါသည်။ ကျေးရွာရှိအိမ်ခြေများတစ်စုတစ်စည်းတည်းမရှိခြင်းကြောင့် ရေတွင်း (၅) တွင်းမှာ ကျေးရွာအိမ်ခြေအားလုံးအပေါ် လွှမ်းခြုံမှုမရှိခြင်းကြောင့် အချို့အိမ်ထောင်စုများနီးစပ်ရာချောင်းရေများကိုသောက်သုံးရေအဖြင့်အသုံးပြုကြရပါသည်။ ၎င်းချောင်းရေများအား ကျေးရွာရှိ တိရစ္ဆာန်ကျွဲ၊နွားများလည်းသောက်သုံးကြသဖြင့် သောက်သုံးရန်သန့်ရှင်းမှုမရှိကြောင်းတွေ့ရှိရပါသည်။ ထို့ကြောင့်ကျေးရွာရှိကျေးရွာသူ/သားများမှ သန့်ရှင်းသောသောက်သုံးရေရရှိရန် စိမ့်စမ်းရေသွယ်အားအလျှင်အမြန်အကောင်အထည်ဖော်ဆောင်ရွက်လိုခြင်းဖြစ်ပါသည်။

၂။ ကျေးရွာတွင်းလမ်းများအဆင့်မြှင့်တင်ခြင်း

နမ်ဘူယာန်ကျေးရွာ၏ ရွာတွင်းလမ်းအားလုံးမှာ မြေသားလမ်းများဖြစ်ကြပါသည်။ ပွင့်လင်းရာသီကာလများတွင်သွားလာရန်လွယ်ကူသော်လည်း မိုးတွင်းကာလတွင်ဗွက်များထူထပ်ခြင်းကြောင့်သွားလာရန်ခက်ခဲပါသည်။ မိုးတွင်းကာလတွင် ကျေးရွာတွင်းယှဉ်များသွားလာ၍မရခြင်း၊ ကလေးသူငယ်ကျောင်းသွားကျောင်းပြန်ခက်ခဲခြင်းစသည့်ဒုက္ခများနှင့်ရင်ဆိုင်ရပါသည်။ သို့ဖြစ်ပါ၍ ကျေးရွာဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကျေးရွာတွင်းလမ်းများကိုလည်း အဆင့်မြှင့်တင်ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ပါသည်။ နမ်ဘူယ နံကျေးရွာ၏ ကျေးရွာတွင်းလမ်းများအဆင့်မြှင့်တင်ခြင်း လုပ်ငန်းများအားဆောင်ရွက်ရန် ၂၀၁၈–၂၀၁၉ ၊၂၀၁၉ – ၂၀၂၀ ခုဘဏ္ဍာရေး နှစ်များတွင် ဆောင်ရွက်ရန်သတ်မှတ်လျာထားပါသည်။

၃။ ကျေးရွာ အလယ်တန်းခွဲ ကျောင်းဆောင်သစ်တည်ဆောက်ခြင်း

နမ်ဘူယာန် ကျေးရွာတွင် အခြေခံပညာအလယ်တန်းခွဲကျောင်း အဆောက်အအုံမှာ ယိုယွင်းပျက်စီးသဖြင့်အသစ်ပြန်လည်တည်ဆောက်နိုင်ရန်အရေးကြီးလိုအပ်လျက်ရှိပါသည်။ ၎င်း အဆောက်အဦအား ၁၉၉၅ ခုနှစ်တွင်ကျေးရွာကိုယ်ထူကိုယ်ထ လုပ်အားဖြင့်တည်ဆောက်ခဲ့ပြီး ယခုအခါ နှစ်ပေါင်း (၂၃)နှစ်သက်တမ်းကြာမြင့်ပြီဖြစ်၍ ခိုင်ခန့်မှု မရှိတော့သဖြင့် အသစ်ပြန်လည်တည်ဆောက်ရန်လိုအပ်ခြင်းဖြစ်ပါသည်။

၄။ ကျေးရွာမီးလင်းရေး (အသေးစားရေအားလျှပ်စစ်စီမံကိန်း)

နမ်ဘူယာန်ကျေးရွာတွင် လျှပ်စစ်မီးမရရှိသဖြင့် ကျောင်းသား/ကျောင်းသူများကျောင်းစာများလေ့လာရန်အခက်အခဲရှိခြင်း၊ ကျေးရွာသူ/သား များအလုပ်အကိုင်အခွင့်အလမ်းမရှိခြင်း၊အသိအမြင ဗဟုတုတများအားနည်းခြင်း စသည့်နစ်နာဆုံးရှုံးမှုများဖြစ်ရှိသဖြင့် အလန်ဂါးကျေးရွာဖွံ့ဖြိုး လာရေးအတွက် လျှပ်စစ်မီးရရှိရေးမှာအရေးကြီးလိုအပ်လျက်ရှိပါသည်။ ကျေးရွာမီးလင်းရေး (အသေးစားရေအားလျှပ်စစ်စီမံကိန်း)အား ၂၀၁၉ – ၂၀၂၀ ခုဏ္ဍာရေးနှစ် နှင့် ၂၀၂၀–၂၀၂၁ ခုဘဏ္ဍာရေးနှစ်တို့တွင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးလျာထားပါသည်။

၅။ လယ်ယာစိုက်ပျိုးရေး ရေရှိရေးအတွက်ရေကာတာများတည်ဆောက်ခြင်း

နမ်ဘူယာန်ကျေးရွာ၏ လယ်ယာမြေအချို့မှာ ချောင်းရေများတိုက်စားသဖြင့် လယ်ယာမြေအ
ပျက်စီးဆုံးရှုံးမှုများရှိပါသည်။ သို့၍ လယ်ယာမြေများချောင်းရေတိုက်စားမှု အန္တရာယ်မှကာကွယ်
ရေကာတာများဆောင်ရွက်ရန်လိုအပ်လျက်ရှိပါသည်။ ကျေးရွာ လယ်ယာမြေများရေတိုက်စားမှုရှိသ
ရေကာတာဆောင် ရွက်ခြင်းလုပ်ငန်းအား ၂၀၂၀ – ၂၀၂၁ ၊ ၂၀၂၁– ၂၀၂၂ ခုဘဏ္ဍာရေးနှစ်တွင် ဆော
ရွက်ရန်သတ်မှတ်လျာထားပါသည်။

၆။ ကျေးရွာ အားကားစား ကွင်းများဆောင်ရွက်ခြင်း (ဘော်လုံး၊ ဘော်လီဘော၊ခြင်းလုံး)

နမ်ဘူယာန်ကျေးရွာတွင် အားကစားကွင်းမရှိသဖြင့် အချို့လူငယ်များအားကစားဝါသနာရှိသ
လည်း အားကစားလိုက်စားရန်ခက်ခဲကြောင်းလူငယ်များ နှင့် ဦးတည်အုပ်စုဆွေးနွေးခြင်းဖြင့်သိရှိ
သည်။ လူငယ်များအားကစားပြုလုပ်ရန်ခက်ခဲသဖြင့် ကာယဖွံ့ဖြိုးမှုတွင်များစွာထိခိုက်စေကြောင်းနှ
အချို့လူငယ်များ မူးယစ်ဆေးဝါးသုံးစွဲခြင်းများရှိလာကြောင်း ရပ်မိ/ရပ်ဖ များနှင့်ဦးတည်အုပ်စုဆွေး
ခြင်းဖြင့်သိရှိရပါသည်။ သို့ဖြစ်၍ နမ်ဘူယာန်ကျေးရွာ ကလေး၊ လူငယ်များမူးယစ်ဆေးဝါးသုံးစွဲမှုလျော့
နည်းလာစေရန်၊ကာယဗလဖွံ့ဖြိုးလာစေရန်နှင့် ညဏ်ရည်ထက်မြက်လာစေရန်ကျေးရွာအားကစားကွင်း
ဖော်ထုတ်ဆောင်ရွက်ပေးရန် စိတ်အားထက်သန်လျက်ရှိပါသည်။ ကျေးရွာ အားကားစား ကွင်းများ
ဆောင်ရွက်ခြင်း (ဘော်လုံး၊ ဘော်လီဘော၊ခြင်းလုံး) အား ၂၀၁၉– ၂၀၂၀ ၊၂၀၂၀ – ၂၀၂၁ ခုဘဏ္ဍာရေး
နှစ်များတွင်ဆောင်ရွက်ရန်သတ်မှတ်လျာထားပါသည်။

၇။ ကျေးရွာစာကြည့်တိုက်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း

နမ်ဘူယာန်ကျေးရွာတွင် ကျေးရွာစာကြည့်တိုက်မရှိသဖြင့် ကျေးရွာသူ/သားများ အသိပညာဗဟု
တုတ နည်းပါးလျက်ရှိပါသည်။ သို့ဖြစ်၍ အနာဂတ်လူငယ်/လူရွယ်များစာပေဗဟုတုတကြွယ်ဝပြီး အ
အမြင်များရရှိနိုင်ရန် ကျေးရွာစာကြည့်တိုက် တည်ဆောက်နိုင်ရေးကျေးရွာသူ/သားများ လိုလားတော
တလျက်ရှိပါသည်။

၈။ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများဖွင့်လှစ် ဆောင်ရွက်ခြင်း

နမ်ဘူယာန်ကျေးရွာရှိ ကျေးရွာသူ/သားများအနေဖြင့်အခြားအသက်မွေးဝမ်းကျောင်းအထောက
အကူပြုလုပ်ငန်းများဆောင်ရွက်လုပ်ကိုင်ခြင်းမရှိဘဲ မိရိုးဖလာလယ်ယာလုပ်ငန်းသာဆောင်ရွက်ကြ
သဖြင့် ကျေးရွာတွင်း မိသားစုဝင်ငွေမရှိသည်ကိုတွေ့ရှိရပါသည်။ ဦးတည်အုပ်စုဆွေးနွေးချက်အရ အခြ
အသက်မွေးဝမ်းကျောင်း အတတ်ပညာမရှိသဖြင့်အခြားဝင်ငွေရလုပ်ငန်းများဆောင်ရွက်ရန်အခက်အ
ရှိပြီး လူငယ်များအတွက်အလုပ်အကိုင်အခွင့်အလမ်းများနည်းပါးသည်ကိုတွေ့ရှိရပါသည်။ သို့ဖြစ်ပါ
နမ်ဘူယာန်ကျေးရွာတွင် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများအားနှစ်စဉ် ပြုလု
ဆောင်ရွက်ရန်ကျေးရွာများမှ သတ်မှတ်လျာထားပါသည်။

၉။ ကျေးရွာဆေးပေးခန်းရရှိနိုင်ရေးဆောင်ရွက်ခြင်း

နမ်ဘူယာန်ကျေးရွာတွင် ကျေးရွာဆေးပေးခန်း၊ ကျေးလက်ကျန်းမာရေးဌာန မရှိသဖြင့်ကျေးရွ
သူ/သားများ အနေအဖြင့်ဖျားနာခြင်း ၊ကျန်မာရေးဆိုင်ရာ ပြဿနာများရှိကအလွယ်တကူ ကုသဖြေရှင်
ရန်အခက်ခဲပြဿနာများရှိပါသည်။သို့ဖြစ်၍ ကျေးရွာတွင် ဆေးပေးခန်း(သို့မဟုတ်) ကျေးလက်ကျန်မာ
ရေးဌာန များကျေးရွာအတွင်းထားရှိရန်ဆန္ဒ ရှိပါသည်။

၁၀။ နွားစားကျက် ခြံစည်းရိုးအားအခိုင်အမာ ဆောင်ရွက်ခြင်း

နမ်ဘူယာန်ကျေးရွာတွင် လယ်ယာမြေများစတင်စိုက်ပျိုးချိန်မ ှ ကောက်ရိတ်သိမ်းချိန်ထိ ခိုင်းကျွဲ၊ နွားများအားကျေးရွာ ကျွဲ၊နွားစားကျက်သို့လွတ်ကျောင်းစနစ်ဖြင့်ထိန်းကျောင်းရပါသည်။ ကျေးရွာပိုင် စားကျက်များအား သစ် ၊ဝါးများဖြင့်သာကာရံထားသဖြင့် ကျွဲနွားများမှခြံတိုး၍ ကျေးရွာလယ်ယာမြေ ကောက်ပဲသီးနှံများအားနှစ်စဉ် ဖျက်ဆီးမှုများရှိသဖြင့် ကျေးရွာပိုင်စားကျက်မြေအားအခိုင်အမာ ကာရံဆောင်ရွက်ရန်လိုအပ်ပါသည်။ နွားစားကျက် ခြံစည်းရိုးအားအခိုင်အမာ ဆောင်ရွက်ခြင်းလုပ်ငန်း အား ၂၀၂၀ – ၂၀၂၁ ၊ ၂၀၂၁–၂၀၂၂ ခုဘဏ္ဍာရေးနှစ်များတွင်ဆောင်ရွက်ရန်သတ်မှတ်လျာထားပါသည်။

၁၁။ ကျေးရွာတွင်းလမ်းများအဆင့်မြှင့်တင်ခြင်း

အလန်ဂါးကျေးရွာ၏ ရွာတွင်းလမ်းအားလုံးမှာ မြေသားလမ်းများဖြစ်ကြပါသည်။ ပွင့်လင်းရာသီ ကာလများတွင်သွားလာရန်လွယ်ကူသော်လည်း မိုးတွင်းကာလတွင်ဗွက်များထူထပ်ခြင်းကြောင့်သွား လာရန်ခက်ခဲပါသည်။ မိုးတွင်းကာလတွင် ကျေးရွာတွင်းယှဉ်များသွားလာ၍မရခြင်း၊ ကလေးသူငယ် ကျောင်းသွားကျောင်းပြန်ခက်ခဲခြင်းစသည့်ဒုက္ခများနှင့်ရင်ဆိုင်ရပါသည်။ သို့ဖြစ်ပါ၍ ကျေးရွာဖွံ့ဖြိုးတိုး တက်လာစေရေးအတွက် ကျေးရွာတွင်းလမ်းများကိုလည်း အဆင့်မြှင့်တင်ဆောင်ရွက်ရန်လိုအပ်မည်ဖြစ် ပါသည်။ အလန်ဂါးကျေးရွာ၏ ကျေးရွာတွင်းလမ်းများအဆင့်မြှင့်တင်ခြင်း လုပ်ငန်းများအားဆောင် ရွက်ရန် ၂၀၁၉– ၂၀၂၀ ၊၂၀၂၀ – ၂၀၂၁ ခုဘဏ္ဍာရေး နှစ်များတွင် ဆောင်ရွက်ရန်သတ်မှတ်လျာထား ပါသည်။